# ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ

**(၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)**

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)**

## နိဒါန်း

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှမ်းပြည်နယ်အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။



(င) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့် အမှတ်အသားများကို ဆိုသည်။

(စ) **ဦးစီးမှူး** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အသီးသီးတွင် တာဝန်ထမ်းဆောင်သည့် စိုက်ပျိုးရေးဦးစီးဌာန၏ တာဝန်ခံအသီးသီးကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက ဤဥပဒေအရ စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေကို အောက်ပါရည်ရွယ်ချက်နှင့် အညီအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) အစာရိက္ခာဖူလုံစေရေး (Food Security)နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေး (Food Safety) အတွက် အထောက်အကူပြုရန်။

(ခ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေး နှင့် နှိမ်နင်းရေးကိုစနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်။

(ဂ) ယင်းကဲ့သို့ စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် သီးနှံအထွက် တိုးတက်မြင့်မားကာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်။

(ဃ) ပိုးသတ်ဆေးတို့ကို စနစ်တကျသုံးစွဲနိုင်ရေးအတွက်ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါကော်မတီကို ဖွဲ့စည်းရမည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်နယ်ဦးစီးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီ ကိုဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

D/real(wide) (2



(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဆိုင်ရာ ကော်မတီကိုဆိုသည်။

(စ) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ပိုးသတ်ဆေးဥပဒေအရ ဖွဲ့စည်းထားသည့် မှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(ဆ) **အပင်** ဆိုသည်မှာ စိုက်ပျိုးနိုင်သောအပင်နှင့် အပင်၏ အစိတ်အပိုင်းကိုဆိုသည်။ ယင်းစကားရပ်တွင် မျိုးစေ့၊ သစ်ဥ၊ သစ်ဖု၊ အတက်၊ အမြစ် သို့မဟုတ် ပင်စည်အစိတ်အပိုင်းလည်း ပါဝင်သည်။

(ဇ) **ပိုးမွှား** ဆိုသည်မှာ အပင်၊ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကို ဖျက်ဆီးနှောင့်ယှက်သော ပိုးကောင်၊ မွှားကောင်၊ ကြွက်၊ ပွေး၊ ခရု၊ ငှက်နှင့် ပေါင်းပင်ကို ဆိုသည်။

(ဈ) **ပိုးသတ်ဆေး** ဆိုသည်မှာ အပိုဒ်ခွဲ(ဇ)ပါ ပိုးကောင်၊ မွှားကောင် အစရှိသည်တို့နှင့် အပင်ရောဂါပိုးတို့ကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသော ဆေးကို ဆိုသည်။

(ည) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင်သောအန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် စရိတ်ချီးမြှင့်ငွေကို ခံစားခွင့်ရရှိစေရမည်။

## အခန်း(၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်း ဖြစ်သည်-

(က) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ခ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ပိုးသတ်ဆေး သို့မဟုတ် မြေသြဇာသုံးစွဲရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ် မဖြစ်ပေါ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို တရားဝင်ပြင်ပမှ တင်သွင်းခြင်း၊ ပြင်ပသို့တင်ပို့ခြင်း၊ သယ်ယူခြင်း၊ ဖော်စပ်ရောင်းချခြင်း၊ သုံးစွဲခြင်း တို့သည် တရားဝင် ဟုတ် မဟုတ် စိစစ်ခြင်း။

D/real(wide) (3



ပညာရှင်များနှင့် ပိုးမွှားရောဂါဆိုင်ရာ နည်းပညာ အဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်ဝတ္တရားများကို သတ်မှတ်နိုင်သည်။

(ခ) လိုအပ်ပါက သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်နိုင်သည်။

## အခန်း(၅)
## လိုင်စင်

၇။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ရောင်းချသည့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ပိုးသတ်ဆေးမှတ်ပုံတင်(အဖွဲ့) ဥက္ကဋ္ဌထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၈။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ ပြည်နယ်ဦးစီးမှူးမှတစ်ဆင့် ကော်မတီသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ အရ လိုင်စင်ရရှိသူမှအပ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချလိုသူသည်

လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးမှတစ်ဆင့် ကော်မတီသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

၁၀။ ကော်မတီသည် ပုဒ်မ ၈၊ ပုဒ်မ ၉ တို့အရ လိုင်စင်လျှောက်ထားချက်များကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ လျှောက်ထားသူအား အကြောင်းကြားရမည်။

၁၁။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၂။ (က) ပိုးသတ်ဆေးလုပ်ငန်း လိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကော်မတီသို့ လျှောက်ထားရမည်။



(ဃ) ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်သူသည် လိုင်စင်လျှောက်ထားခြင်း ရှိ မရှိ၊ တရားဝင်လုပ်ငန်း ဟုတ် မဟုတ် စိစစ်ခြင်း။

(င) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါများ ကျရောက်လာပါက လျင်မြန်စွာ ထိရောက်စွာနှိမ်နင်းနိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ခြင်း။

(စ) ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲတတ်စေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(ဆ) ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေခြင်း။

(ဇ) အပင်နှင့် သီးနှံဖျက်ပိုးမွှားများ ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် -

(က) ကော်မတီ၏အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်

( ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ ပိုးသတ်ဆေးလုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ခနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြို့နယ်ဦးစီးမှူးမှတစ်ဆင့် ပြည်နယ်ဦးစီးမှူးထံသို့ ပေးသွင်းရမည်။

## အခန်း(၆)

## အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁၄။ အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများကို အောက်ပါနည်းလမ်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးစနစ်များ

(၁) ခံနိုင်ရည်ရှိသောမျိုးကိုသုံးခြင်း။ (Varietal Control)

(၂) စိုက်စနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း။ (Cultural Control)

(၃) လက်လုပ်နည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း။ (Mechanical Control)

(၄) ရူပနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း။ (Physical Control)

D/real(wide) (5



(ဇ ဇ) ရောဂါရ ပင်ကြွင်းပင်ကျန်များအား ထယ်ထိုးမြေမြုပ်၍ဆွေးစေခြင်း သို့မဟုတ် မီးရှို့ဖျက်ဆီးခြင်း။

(ဈ ဈ) သီးလှည့်စိုက်ပျိုးခြင်း။

(၃) ဓာတုဆေးများနှင့် ကာကွယ်ခြင်းကို အမှန်လိုအပ်မှသာ သုံးစွဲခြင်း။

(ဂ) သိုလှောင်သီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်း

(၁) ရိုးရာနည်းများဖြင့် သိုလှောင်ခြင်း။

(၂) အဆိပ်ငွေ့မှိုင်းတိုက်ခြင်း။

(ဃ) ကြွက်ကာကွယ်နှိမ်နင်းရေးနည်းစနစ်များ-

(၁) စိုက်ချိန်တစ်ညီတည်း စိုက်ပျိုးခြင်း။

(၂) ကန်သင်းဘောင်နှင့် ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များရှင်းလင်းခြင်း။

(၃) လယ်ကန်သင်းများ လိုအပ်သည်ထက် ပိုမမြင့်၊ ပိုမကြီးစေခြင်း။

(၄) ကြွက်ကျင်းများ တူးဖော်၍ဖမ်းဆီးခြင်း။

(၅) ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်း ထည့်ခြင်း။

(၆) ကြွက်များအား လူအင်အားဖြင့် ခြောက်လှန့်ဖမ်းဆီးခြင်း။

(၇) ထောင်ချောက်အမျိုးမျိုးအသုံးပြုခြင်း။

(၈) ကြွက်များအား အသံဖြင့် ခြောက်လှန့်ခြင်း။

(၉) ကြွက်ကာကွယ်ပစ္စည်းများအသုံးပြုခြင်း။

(၁၀) ကြွက်များ၏ သဘာဝရန်သူများမွေးမြူခြင်း။

(၁၁) ကြွက်သတ်ဆေးများဖြင့် နှိမ်နင်းခြင်း။

## အခန်း(၇)
## ပိုးသတ်ဆေးသုံးစွဲရာတွင် လိုက်နာရမည့်အချက်များ

၁၅။ အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းအတွက် ပိုးသတ်ဆေးများသုံးစွဲရာတွင် အောက်ပါအတိုင်း တိကျစွာလိုက်နာရမည်-

(က) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းရောင်းချခွင့်လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ခွင့်များ။

( ခ) ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့်စည်းကမ်းများ။

## အခန်း(၈)
## ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းရောင်းချခွင့် လိုင်စင်ရရှိသူ၏တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၆။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချခွင့် လိုင်စင်ရရှိသူသည်-



(၅) ဇီဝနည်းဖြင့်ကာကွယ်နှိမ်နင်းခြင်း။
(Biological Control)

(၆) ဓာတုနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း။
(Chemical Control)

( ခ) ဘက်စုံရောဂါကာကွယ်နှိမ်နင်းရေး နည်းစနစ်များ-

(၁) ရောဂါဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများ ဖော်ထုတ်သုံးစွဲခြင်း။

(၂) ခေတ်မီစိုက်ပျိုးပြုပြင်နည်းများ ဆောင်ရွက်၍ကာကွယ်ခြင်း။

(ကက) ကောင်းမွန်ပြည့်ဖြိုးပြီးရောဂါကင်းသော မျိုးစေ့ကိုသုံးစွဲခြင်း။

( ခ ခ )ထွန်ရေးကောင်းအောင် ဆောင်ရွက်ခြင်း။

( ဂ ဂ )ပေါင်းမြက် ကင်းစင်အောင် ဆောင်ရွက်ခြင်း။

(ဃဃ) စိုက်တန်း၊ အပင်အကွာအဝေး မှန်ကန်ခြင်း။

( င င )စိုက်ချိန်မှန်ကန်ခြင်း။

( စ စ )ကျန်းမာသန်စွမ်းသော အပင်ရအောင် သင့်တင့်မျှတသော အာဟာရဓာတ်များ ထည့်သွင်းပေးခြင်း။

(ဆဆ) ရေဝပ်ခြင်း၊ ရေငတ်ခြင်းဒဏ်ကင်းစေရန်ကြိုတင်ဆောင်ရွက်ခြင်း။

(က) လိုင်စင်ပါသက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

( ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခကို ပေးဆောင်ရမည်။

( ဂ) လိုင်စင်လက်မှတ်ကို ဆိုင်တွင်မြင်သာသောနေရာ၌ ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင်ကျဆင်းစေရန် အခြားအရာဝတ္ထု ပစ္စည်းတစ်စုံတစ်ရာနှင့် ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။

( င) လိုင်စင်တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

( စ) အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးကို သက်ဆိုင်ရာ ဦးစီးမှူးက ထုတ်ပေးသော ဝယ်ယူခွင့်လက်မှတ်တင်ပြနိုင်သူကိုသာ ရောင်းချရမည်။

(ဆ) စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

( ဇ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းဝယ်ယူရောင်းချသည့် မှတ်တမ်းများထားရှိရမည်။

( ဈ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ရန်လျှောက်ထားရမည်။



( ဈ) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင်လည်းကောင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း(၁၀)
## စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၈။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၉။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ၊ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း။

( ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ဖောက်ဖျက်ကျူးလွန်သူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်း။

( ဂ) ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်း။

D/real(wide) (7

(ဃ) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၂၀။ စစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း။

(ခ) ပိုးသတ်ဆေးများ ထုပ်ပိုးပုံ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ မရှိ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း။

(ဂ) သီးနှံများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည်အညွှန်းစာပါစည်းကမ်းချက်များနှင့်အညီ ကိုက်ညီမှုရှိ မရှိ စစ်ဆေးခြင်း။

(ဃ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများကို စစ်ဆေးခြင်း။

(င) စစ်ဆေးရန်အတွက် ပိုးသတ်ဆေးများကို နမူနာရယူခွင့်ရှိခြင်း။

(စ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့် ကိစ္စကို စစ်ဆေးတွေ့ရှိပါက ဝန်ကြီးထံတင်ပြပြီး ယင်းက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။



(ည) ဝန်ကြီးဌာနနှင့် ကော်မတီက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း(၉)

## ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့်စည်းကမ်းများ

၂၁။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေး အညွှန်းစာပါအတိုင်း လိုက်နာ၍ သုံးစွဲရမည်။

(ခ) အန္တရာယ်ကြီးမားသည့် ပိုးသတ်ဆေးသုံးစွဲလိုပါက သက်ဆိုင်ရာ ဦးစီးမှူး ခွင့်ပြုချက်ရယူပြီး လက်မှတ်ရ ပိုးသတ်ဆေးပက်ဖျန်းသူကို ငှားရမ်းသုံးစွဲရမည်။

(ဂ) စိုက်ပျိုးရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ ကိုင်တွယ်နည်းများအတိုင်း လိုက်နာသုံးစွဲရမည်။

(ဃ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူ လက်လှမ်းမီသော နေရာတွင်ထားရှိခြင်း မပြုလုပ်ရ။

(င) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး၊ အခွံနှင့်ထုပ်ပိုးပစ္စည်းများကို စစ်ဆေးရေးအဖွဲ့က ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

D/real(wide) (8)

## အခန်း(၁၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၂၀။ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သတိပေးခြင်း။

( ခ) ခွင့်ပြုထားသော ပိုးသတ်ဆေးရောင်းချခွင့် လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း။

( ဂ) သတ်မှတ်ထားသောဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်ပြီး ပိုးသတ်ဆေးရောင်းချခွင့်ကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း။

(ဃ) ပိုးသတ်ဆေးရောင်းချခွင့် လိုင်စင်ကို ရုပ်သိမ်းခြင်း။

၂၁။ ကော်မတီသည် ပုဒ်မ ၁၂ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်လက်မှတ်ရရှိသူအား ပုဒ်မ ၂၀ ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၃။ ကော်မတီသည် အောက်ပါအချက်အလက် တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၂၀ ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-



## အခန်း(၁၂)

## တားမြစ်ချက်များ

၂၅။ မည်သူမျှ စိုက်ပျိုးရေးဦးစီးဌာနက ထိန်းချုပ်ပိုးမွှားကျရောက်နေကြောင်း ကြေညာထားသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို သိလျက်နှင့် ပြည်နယ်အတွင်းတစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း မပြုရ။

၂၆။ မည်သူမျှလိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ဖော်စပ်ရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုလုပ်ရ။

၂၇။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှ ပြည်တွင်းသို့တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုလုပ်ရ။

၂၈။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ရောင်းချခြင်း မပြုလုပ်ရ။

၂၉။ လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ရောင်းချရာတွင် အညွှန်းစာနှင့် ကုန်အမှတ်တံဆိပ်မပါဘဲ ရောင်းချခြင်း မပြုလုပ်ရ။

၃၀။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့် အန္တရာယ်ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့် သီးနှံအစားအစာ သို့မဟုတ် အဖျော်ယမကာစသည်များတွင် ထည့်သွင်းအသုံးပြုခြင်း မပြုလုပ်ရ။ ထို့အပြင်

D/real(wide) (9

မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ သုံးစွဲလျက် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၁။ မည်သူမျှ အသက် ၁၈ နှစ်နှင့် အသက် ၁၈ နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သော မိန်းမကို ပိုးသတ်ဆေး ကိုင်တွယ်ရာတွင်လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်းမပြုလုပ်ရ။

၃၂။ မည်သူမျှ ပိုးသတ်ဆေးကို အညွှန်းစာနှင့်ဆန့်ကျင်၍ သုံးစွဲခြင်း မပြုလုပ်ရ။

၃၃။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် သက်ဆိုင်ရာ ဦးစီးမှူးက သတ်မှတ်ပေးသည့် ပိုးသတ်ဆေးနှင့် သုံးစွဲနည်းများ မှအပ အခြားပိုးသတ်ဆေးနှင့် သုံးစွဲနည်းများကိုသုံးစွဲခြင်း မပြုလုပ်ရ။

၃၄။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာများနှင့်အတူတကွ ရောင်းချခြင်း သော်လည်းကောင်း၊ အတူတကွ သယ်ဆောင်ခြင်း သော်လည်းကောင်း မပြုလုပ်ရ။

၃၅။ လိုင်စင်ရရှိသူသည် လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ။

## အခန်း(၁၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၆။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေ ကျပ်တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်

D/real(wide) (1



(က) ပိုးသတ်ဆေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသူက ပုဒ်မ ၁၁ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ခ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချခွင့်လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၄။ (က) ဤဥပဒေအရ ကော်မတီမှချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အယူခံဝင်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီကချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့အပြင် ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးစေရန် အမိန့်ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၂၆ ၊ ပုဒ်မ ၂၇ ၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေကျပ်တစ်ဆယ်သိန်း အထိဖြစ်စေ၊ ထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၁ ၊ ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေကျပ် တစ်ဆယ်သိန်းဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃၉။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေကျပ် တစ်ဆယ်သိန်းအထိ ဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။



၄၅။ ဤဥပဒေအရ စွဲဆိုသော ပြစ်မှုများတွင် အပင်၊ အပင်ထွက်ပစ္စည်းနှင့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက် အစီရင်ခံစာကို ပြစ်မှုသက်သေခံချက် အထောက်အထားဖြစ်စေရမည်။

၄၆။ ဤဥပဒေအရ စွဲဆိုသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၇။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့တင်ပို့ခြင်းမပြုဘဲ မည်သို့ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့



၄၀။ တရားရုံးသည် ပြစ်မှု၌တင်ပြထားသော သက်သေခံအပင်နှင့် အပင်ထွက်ပစ္စည်း၊ ပိုးသတ်ဆေးများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်လျှင် သက်သေခံပစ္စည်းများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း(၁၄)

## အထွေထွေ

၄၁။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ပိုးသတ်ဆေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း လိုအပ်သော လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၂။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၃။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသောဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၄၄။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော အပင်၊ အပင်ထွက်ပစ္စည်းနှင့် ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

D/real(wide) (1

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက် | ၃ | ၄ |
| ၄။ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း | ၄ | ၅ |
| ၅။ | အခန်း(၄) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၅ | ၇ |
| ၆။ | အခန်း(၅) လိုင်စင် | ၇ | ၉ |
| ၇။ | အခန်း(၆) အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၉ | ၁၂ |
| ၈။ | အခန်း(၇) ပိုးသတ်ဆေးသုံးစွဲရာတွင် လိုက်နာရမည့် အချက်များ | ၁၂ | ၁၂ |
| ၉။ | အခန်း(၈) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ခွင့်များ | ၁၂ | ၁၄ |
| ၁၀။ | အခန်း (၉) ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ | ၁၄ | ၁၅ |
| ၁၁။ | အခန်း(၁၀) စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၅ | ၁၆ |
| ၁၂။ | အခန်း(၁၁) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း | ၁၇ | ၁၈ |
| ၁၃။ | အခန်း(၁၂) တားမြစ်ချက်များ | ၁၉ | ၂၀ |
| ၁၄။ | အခန်း(၁၃) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၂၀ | ၂၂ |
| ၁၅။ | အခန်း(၁၄) အထွေထွေ | ၂၂ | ၂၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရှမ်းပြည်နယ်လွှတ်တော်
တောင်ကြီးမြို့

# ရှမ်းပြည်နယ်အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ

(၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။
၂၀၂၀ ပြည့်နှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | နိဒါန်း | ၁ | ၁ |
| ၂။ | အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက် | ၃ | ၄ |
| ၄။ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း | ၄ | ၅ |
| ၅။ | အခန်း(၄) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၅ | ၇ |
| ၆။ | အခန်း(၅) လိုင်စင် | ၇ | ၉ |
| ၇။ | အခန်း(၆) အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၉ | ၁၂ |
| ၈။ | အခန်း(၇) ပိုးသတ်ဆေးသုံးစွဲရာတွင် လိုက်နာရမည့်အချက်များ | ၁၂ | ၁၂ |
| ၉။ | အခန်း(၈) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်ခွင့်များ | ၁၂ | ၁၄ |


D/real(wide) (1

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၀။ | အခန်း (၉) ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ | ၁၄ | ၁၅ |
| ၁၁။ | အခန်း(၁၀) စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၅ | ၁၆ |
| ၁၂။ | အခန်း(၁၁) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း | ၁၇ | ၁၈ |
| ၁၃။ | အခန်း(၁၂) တားမြစ်ချက်များ | ၁၉ | ၂၀ |
| ၁၄။ | အခန်း(၁၃) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၂၀ | ၂၂ |
| ၁၅။ | အခန်း(၁၄) အထွေထွေ | ၂၂ | ၂၄ |


D/real(wide) (1